# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ အက်ဖ်အီး - ၄၃ / ၇၇

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်

သို့

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရ ဘဏ်များအားလုံး

အကြောင်းအရာ။ **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းပါ ပြဋ္ဌာန်းသတ်မှတ်ချက်များအား လိုက်နာရန်ကိစ္စ**

ရည် ညွှန်း ချက် ။ (၁) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၃၅၊

(၂) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၅၄၊ ၅၅ နှင့် ၅၆

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၏ (၂၈-၂-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ အက်ဖ်အီး-၁/၈၂၇

(၄) Electronic Reporting System (ERS) Manual Version (10.2)

၁။ (၁၀-၈-၂၀၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (၁၅-၁၂-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် (၃၀-၉-၂၀၁၄) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းပါ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များက လိုက်နာဆောင်ရွက်ရမည့်ပြဋ္ဌာန်း၊ သတ်မှတ်ချက်များအား AD လိုင်စင်ရဘဏ်များအနေဖြင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိနေရပါသည်။

၂။ ထို့အပြင် AD ဘဏ်များအနေဖြင့် ရည်ညွှန်းချက် (၃) နှင့် (၄) တို့ပါ အမှာစာများအရ Electronic Reporting System (ERS) ဖြင့် သတင်းပေးပို့ခြင်းသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၅၄၊ ၅၅ နှင့် ၅၆ တို့ပါ လိုက်နာရန်အချက်အား ကင်းလွတ်ခွင့်မရှိကြောင်း အသိပေးပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းပါ ပြဋ္ဌာန်း၊ သတ်မှတ်ချက်များအား AD ဘဏ်များအနေဖြင့် မပျက်မကွက် လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

(ပုံ)xxxxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
( ဝင်းသော် ၊ ဒုတိယဥက္ကဋ္ဌ)

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ